

သုဓနု
ပဉ္စလက်မောင်မောင်
နှင့်
အသူရာတောင် ခရီး

# နိဒါန်း

## "ထူးဆန်းသောသူတောင်းစားကြီး"

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်ရှိ အိမ်ကြီးတစ်အိမ်၏ အရှေ့တွင် လွန်စွာမှ စုတ်ချာလှသော အဝတ်အစားများ ဖြင့် ညစ်ပတ်ပေရေနေ သော သူတောင်းစားကြီးတစ်ယောက်သည် လွန်စွာမှ ကျယ်လောင်သောအသံဖြင့် အော်ဟစ်တောင်းရမ်းနေလေ၏။

"သနားကြပါ အရပ်ကတို့ ရေ ... သနားကြပါ ... အနားကနေ ခွာနိုင်အောင် ... အစားအစာ ကလေးများ စွန့်ကြဲကြပါ ..."

ထိုသို့ သူတောင်းစားကြီးအော်ဟစ်၍ တောင်းရမ်းနေလျှင် ထိုအိမ်မည်းကြီးထဲမှ အသက် (၅၀) အရွယ် ရသေ့ကြီးတစ်ပါး ထွက် လာလေ၏။ ရသေ့ကြီး၏ လက်ထဲတွင် တောင်ဝှေးကောက်ကြီး တစ်ချောင်းအားကိုင်၍ လွယ်အိတ်စုတ်ကြီးအား လွယ်ထား၏။ ရသေ့ကြီး၏ မျက်နှာထားသည် လေးထောင့်ကျဟန်ရှိပြီး တိကျပြတ်သားပုံရလေ၏။

ရသေ့ကြီးက သူတောင်းစားကြီးအား ကြည့်ပြီးလျှင်

"ဒီမှာ ... ဒီမှာ "

ဟု ခေါ်လိုက်၏။

သူတောင်းစားကြီးက ရသေ့ကြီးခေါ်သည် ကို ကြားရသော်လည်း

လုံးဝဂရုမစိုက်ဘဲ ဆက်လက်၍ အော်ဟစ်နေပြန်၏။

"အလှူပြုချိန်ရောက်လာပြန်တဲ့ အတွက် အလှူခံဆိုတာရောက်လာတာပါ ... ဒါကြောင့် အလှူပြုဖို့ ကို သဒ္ဓါထက်သန်စွာနဲ့ လာပြီးလှူလိုက်ပါ ... အလှူတကာ့အလှူမှာ ရေအလှူဟာ အမြတ်ဆုံးပဲဆိုတော့ ရေက လေးပဲလှူရင်လည်း ဖြစ်ပါတယ်"

ရသေ့ကြီးက ပြုံးလိုက်ပြီးလျှင် သူတောင်းစားကြီးအနီးလျှောက်သွားလေ၏။

သူတောင်းစားကြီးက ခြံအပြင်၌ ရှိနေပြီး ရသေ့ကြီးနှင့် သံပန်းတံခါးတစ်ချပ်သာခံနေလေ၏။ ရသေ့ကြီးက တံခါးအနီးတွင် ရပ်လိုက်ပြီး

"ဒီမှာ ကိုယ့်လူ ... ကိုယ့်လူက ရေကိုအလှူခံနေတယ်ဆိုတော့ ဒီခြံထဲက ရေဟာ အင်မတန် အဖိုးတန်လို့ ပဲဖြစ်လိမ့်မယ် ... ဘာကြောင့်လဲဆိုတော့ ခြံအပြင်က အိုးထဲမှာ ရေအပြည့်ရှိနေတာတောင် ခြံထဲကရေကို အလှူခံနေတယ်ဆိုတော့ ကိုယ့်လူလိုနေတဲ့ ရေဟာ သာမန်ရေမဟုတ်နိုင်ဘူး။ ကိုယ့်လူက ဘယ်သူလဲ"

ဟု မေး လိုက်လေ၏။

သူတောင်းစားကြီးက ရသေ့ကြီးစကားကြောင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ

"ထီးနဲ့ ဖိနပ်မပါ နွေအခါမှ သိမယ်၊ ဒါနနဲ့ သီလမပါ သေခါမှ သိမယ်ဆိုတာ ဒီကရသေ့ကြီး မကြားဘူးသေးဘူးထင်တယ်"

ဟု မေးလျှင်ရသေ့ကြီးက

"သိပါတယ်ဗျာ ... သိပါတယ် ... ဒါနဲ့ နွေဘက်မှာ ထီးတို့ ဖိနပ်တို့

ထက်စာရင် ရေကပိုပြီး လိုအပ်မှာ ပေါ့။ မဟုတ်ဘူး လား"

ဟု ဆိုလေရာ သူတောင်းစားကြီးက တဟားဟားရယ်မော၍

"ရေကတော့ နွေမှာ တင် မဟုတ်ဘူး ... မိုးနဲ့ ဆောင်းမှာ လည်း လိုတာပဲ ... ဆယ့်နှစ်ရာသီလိုနေတာပဲ"

ဟု ပြော လိုက်လေရာ နှစ်ဦးစလုံးရယ်မောလိုက်ကြလေ၏။

ရသေ့ကြီးက သူတောင်းစားကြီးအား

"ဒါနဲ့ ဟောဒီက ကိုစဏ္ဍာလကြီးရဲ့ အမည်နာမက"

ဟု မေးလိုက်ပြန်လျှင်

"အသီးမှာ သရက်၊ အသားမှာ ဝက်၊ အရွက်မှာ လက်ဖက်၊ စုံထောက်မှာ အိုင်အိုလွမ်းနောင်၊ ခေတ်သစ်သိုက်ဆရာမှာ ပဥ္စလက်မောင်မောင်၊ စဏ္ဍာလမှာ တိုးကြောင်ဆိုတာ လူတိုင်း သိတယ်။ ခင်ဗျား အတော်ဗဟုသုတခေါင်းပါးသေးတာပဲ ... လောကနီတိစကားနဲ့ ပြောရရင်တော့ ကိုယ့်လူရသေ့ကြီးဟာ ကျမ်းစာနီတိ၊ တတ်မသိက၊ မျက်စိစုံကန်း၊ လူ့ပေါက်ပန်းပမာ၊ မှတ်တို့ ရာ၏ ဆိုသလိုပဲ ရသေ့ကြီးဟာ ပေါက်ပန်းလိုလူပါလား"

ဟု ပြောဆိုလေလျှင် ရသေ့ကြီးက ရယ်မောလိုက်ပြီး

"ကျုပ်ဟာ ပေါက်ပန်းဆိုလည်း ခင်ဗျားရဲ့ ခုနလက်ာထဲက စဏ္ဍာလမှာ တိုးကြောင်၊ ရသေ့မှာ ပေါက်ပန်းလို့ သာ သတ်မှတ်လိုက်ပါတော့လေ၊ ဒါနဲ့ ခေတ်သစ်သိုက်ဆရာမှာ ပဥ္စလက်မောင်မောင် လို့ ဆိုထားတာက ဘာအဓိပ္ပာယ်လည်း စဏ္ဍာလကြီးရဲ့ ..."

ဟု မေးလေ၏။

ထိုအခါ တိုးကြောင်ဟု ခေါ်သော သူတောင်းစားကြီးက

"ပဥ္စလက်မောင်မောင်ဆိုတာ ဘယ်သူကမှာ လည်း ဗျာ ... လွန်ခဲ့တဲ့ နှစ်နှစ်ခွဲ၊ သုံးနှစ်လောက်က ပဥ္စလက်ဗေဒင်ဂိုဏ်းကြီးရဲ့ ခေါင်းဆောင်ပေ့ါ ... သစ္စာဖောက်ဗေဒင်ဂိုဏ်းသားတစ်ယောက်ကို ခေါင်းဖြတ်ပြီးသတ်လိုက်တဲ့ အတွက် တစ်ကျွန်းကျသွားပြီး ဂေါခံဆိုတဲ့ အကျဉ်းသားတစ်ယောက်နဲ့ ပေါင်း၊ တစ်ကျွန်းက ပြန်လာခဲ့တဲ့ လူပဲ ... အဲဒီလူဟာ မြန်မာပြည်က ရှေးဟောင်းရတနာသိုက်တွေ မြန်မာမင်းတွေရဲ့ ရှေးဟောင်းကျောက်စာတွေ ... ရှေးပုရပိုက်တွေကို ရှာဖွေနေတဲ့ ခေတ်သစ်သိုက်ဆရာတစ်ယောက်ပဲ ..."

"ဒါနဲ့ ပဥ္စလက်မောင်မောင်က ကျုပ်တို့ နဲ့ ဘာဆိုင်လို့ လဲ ကိုစဏ္ဍာလကြီးရဲ့ "

"ရော် ... ဆိုင်တာပေ့ါ ရသေ့ကြီး ပေါက်ပန်းရယ်၊ အခု ကျုပ်တို့ မာဒဂ်ဂိုဏ်းနဲ့ ရသေ့ကြီးတို့ မနောမယဂိုဏ်းရဲ့ ကြားမှာ သူဝင်ရှုပ်နေပြန်ပြီ ..."

"ဘာ ... ကျုပ်တို့ ဂိုဏ်းနှစ်ဂိုဏ်းအကြားက သီရိသောဒသဃရွှေရောင်ပုရပိုက်ရဲ့ အရှုပ်တော် ပုံကြားထဲမှာ ပဥ္စလက်မောင်မောင်က ဝင်ရှုပ်နေတယ် ... ဟုတ်လား ..."

"ဟုတ်တယ် ... ပဥ္စလက်မောင်မောင်က သီရိသောဒသဃရွှေရောင်ပုရပိုက်ထဲက လျှို့ဝှက် ကျင့်စဉ်တွေနဲ့ ရွှေဖြစ်ငွေဖြစ်ဓာတ်ကျမ်းကို လိုချင်နေတယ် ... ကျုပ်တို့ ဂိုဏ်းနှစ်ဂိုဏ်းပေါင်းပြီး ပဥ္စလက်မောင်မောင်ကို တားဆီးမှ ဖြစ်မယ် စဏ္ဍာလကြီးရဲ့ "

"မှန်တာပေ့ါဗျာ ... ဘာကြောင့်လဲဆိုတော့ ပဥ္စလက်မောင်မောင်ဟာ ပေ့ါသေးသေးတော့ မဟုတ်ဘူး ... ဒါကြောင့် လက်ဦးထားမှ သာ

နေရာကျလိမ့်မယ်"

"သူ့ရဲ့ နောက်မှာ လည်း ပဉ္စလက်ဂိုဏ်းသားတွေရှိနေသေးတော့ ကျုပ်တို့ ဂိုဏ်းနှစ်ဂိုဏ်းပေါင်း မှ သာ လက်ဦးနိုင်မယ် ..."

"ကဲ ... ကဲ ... အချိန်မရှိဘူး ... စဏ္ဍာလကြီးလည်း သွားစရာရှိသေးတယ် ... ဒီတော့ အလှူ ပေးလိုက်မယ် ... ရော့"

ဟု ဆိုကာ ရသေ့ကြီးသည် လွယ်အိတ်စုတ်ကြီး၏ အထဲမှ လက်လေးသစ်ခန့်အရှည်ရှိသော ရွှေရောင်အရည်များ ရှိနေသည့် ပုလင်းကလေးအား ထုတ်ပေး လိုက်လေ၏။

သူတောင်းစားကြီးက ထိုရွှေရောင်ပုလင်းလေးအား ယူပြီးလျှင် သေချာစွာကြည့်ရှုပြီး လွန်စွာ ဝမ်းသာသွားဟန်ဖြင့်

"မနောမယဂိုဏ်းနဲ့ မာဒင်္ဂဂိုဏ်းဟာ ဒီနေ့ကစပြီး သွေးသောက်ညီအစ်ကိုတွေဖြစ်သွားကြပြီ ... ဟောဒီ ရွှေဆေးရည်ကိုသောက်ပြီး မာဒင်္ဂဂိုဏ်းခေါင်းဆောင်ကို ရောဂါတွေပျောက်ကင်းသွားအောင် ကုသပေးရမယ် ... မာဒင်္ဂဂိုဏ်းနဲ့ မနောမယဂိုဏ်းတို့ ဟာ ဟောဒီမင်္ဂလာနေ့ရက်အချိန်က စပြီး တစ်စည်းထဲ ဖြစ်သွားပြီ"

ဟု ရေရွတ် လိုက်လေ၏။

ပြီးလျှင် သူတောင်းစားကြီးက ၎င်း၏ အကျႌအိတ်ထဲမှ တစ်စုံတစ်ရာကိုနှိုက်ယူလိုက်ပြီး ရသေ့ကြီးအား ပေးလိုက်၏။

ရသေ့ကြီးက ထိုအရာအားယူပြီးလျှင် ၎င်း၏ မျက်လုံးများမှာ အရောင်များ တဖျတ်ဖျတ် တောက်ပသွားလေ၏။

ထို့နောက် သူတောင်းစားကြီးသည် သူ၏ ခွက်ကလေးအားကိုင်ပြီး သဃ်နီးကျွန်းအိမ်ကြီးမှ တရွေ့ရွေ့ထွက်ခွာသွားလေတော့၏။ ရသေ့ကြီး

သည် လည်း စိတ်နှလုံးကြည်သာသော အမှုအရာဖြင့် သူတောင်းစားကြီးပေးသွားသောအရာဝတ္ထုလေးအား ကိုင်ဆောင်ပြီးလျှင် အိမ်မည်းကြီးထဲသို့ ဝင်သွားလေတော့သတည်း။

***

# ပထမပိုင်း
# ကံကြမ္မာဆိုးလေရော့သလား

ကျွန်ုပ်သည် ဗင်နင်ကူလာဆယ်တန်းစာမေးပွဲအောင်ပြီးနောက်တွင် အလုပ်ဟူ၍ မယ်မယ်ရရ မရှိဘဲ အိပ်လိုက်၊ စားလိုက်၊ ဝါသနာပါရာ ဝတ္ထုတိုလေး၊ ကဗျာလေးရေးလိုက်နှင့် မိဘနှစ်ပါး၏ လုပ်စာအား မှီခို၍ သာ အချိန်ဖြုန်းနေမိလေ၏။

မိဘနှစ်ပါးမှာ ပွဲရုံလုပ်ငန်းအား လုပ်ကိုင်ကြသဖြင့် ကျွန်ုပ်အား ပွဲရုံ၌ အလုပ်လုပ်ရန် မကြာမကြာ တိုက်တွန်းလေ၏။ သို့သော် ကျွန်ုပ်သည် ထိုအလုပ်များအား စိတ်ပါဝင်စားခြင်းမရှိသဖြင့် မိဘများ တိုက်တွန်းတိုင်း ငြင်းဆန်၍ သာနေလေ၏။ ပြောလိုက်တိုင်း ငြင်းဆန်၍ သာနေသဖြင့် မိဘ နှစ်ပါးသည် ကျွန်ုပ်အား လက်လျှော့ပြီး ၎င်းတို့ သာလျှင် အလုပ်လုပ်ကိုင်ကြလေ၏။ ကျွန်ုပ်မှာ မူ ကား အားလျှင် ဆံ့ဘေရက်စ်တောရင့်၌ ဘိလိယက်ထိုးလိုက်၊ မယ်လမုဘုရားဘက်၌ ထန်းရည် သောက်လိုက်၊ အပေါင်းအသင်းမိတ်ဆွေသူငယ်ချင်းများ နှင့် ရန်ကုန်မြို့ရွာငယ်လေးများ သို့ ဆင်း၍ ဖဲရိုက်၊ ကြက်တိုက် မကောင်းသည့်အလုပ်များအားလုပ်ကိုင်ရင်း ပေါ့ပေါ့နေ ပေါ့ပေါ့စား လောက၌ ပျော်မွေ့၍ နေလေ၏။

ထိုသို့ လူပေါ့လူပျက်တစ်ယောက် ဘဝနှင့်နေထိုင်ရင်း ကျွန်ုပ်၏ ဘဝသည် လူပျင်းလူဖျင်း တစ်ယောက် ဘဝသို့ ရောက်မှန်းမသိ ရောက်ခဲ့

လေ၏။

လူပျင်းဟူသောဘွဲ့သည် နာမည်သာဆိုးသော်လည်း လွန်စွာမှ အနေချောင် အစားချောင်သော ဘဝ ဖြစ်၏။ ကျွန်ုပ်သည် ပိုက်ဆံရှိသားသမီးတစ်ယောက်ဖြစ်သောကြောင့် မိတ်ဆွေသင်္ဂဟ များ ပြား၏။ မိတ်ဆွေတိုင်းသည် လည်း ကျွန်ုပ်ကဲ့သို့ လူပေါ့ လူသွမ်းများ သာဖြစ်လေ၏။

ကျွန်ုပ်၏ အပေါင်းအသင်းများ တွင် ကျွန်ုပ်အား ကပ်ရပ်၍ စားသောက်နေသူများ များ ပြားစွာ ရှိလေ၏။ ကျွန်ုပ်သည် ထိုအရာများအား မသိမဟုတ် သိ၏။ သို့သော်လည်း အမြှောက်အပင့်အား ကြိုက်သည့် လူတစ်ယောက်ဖြစ်သဖြင့် သာယာနေခဲ့သည် ဟု ဝန်ခံရပေမည်။

ကျွန်ုပ်သည် အသက် အစိတ်ပြည့်လာသဖြင့် မိန်းမချောလေးတစ်ဦးနှင့် ချစ်ကြိုးသွယ်မိခဲ့လေ၏။

ထိုအမျိုးသမီးကလေး၏ အမည်မှာ စောနန်းနွယ်ဟု ခေါ်ပြီး အမျိုးကောင်းသမီးကလေးတစ်ဦး ဖြစ်လေ၏။ စောနန်းနွယ်သည် လှလည်း လှ၏ ၊ ယဉ်လည်း ယဉ်၏ ၊ အသားမှာ အဖြူကြီးမဟုတ်ဘဲ ခပ်ညိုညိုလေးဖြစ်သဖြင့် ညိုချောလေး ဖြစ်၏။ ကုန်ကုန်ပြောရလျှင် ရွှေဘိုမင်းကြိုက်ပေါင်တံရှည် မိန်းမမျိုးဖြစ်လေ၏။

ကျွန်ုပ်သည် စောနန်းနွယ်နေသော မန္တလေးသို့ မကြာမကြာသွားပြီး စောနန်းနွယ်အား တွေ့ဆုံလေ၏။ စောနန်းနွယ်သည် ကျွန်ုပ်အား လွန်စွာချစ်လေ၏။

ကျွန်ုပ်သည် စောနန်းနွယ်၏ အချစ်အားရရန် (၁) နှစ်ခန့် ကြိုးစားလိုက်ရလေ၏။ ကျွန်ုပ်ကိုယ့် ကျွန်ုပ်လည်း မိဘ၏ ပွဲရုံအလုပ်အားဦးဆောင်နေသူဟု ပြောထားရလေ၏။

တစ်နေ့သ၌ ကျွန်ုပ်သည် ကျွန်ုပ်၏ ကားဖြင့် မန္တလေးသို့ တက်ခဲ့လေ၏။ ပြီးလျှင် စောနန်းနွယ်အား ခေါ်ပြီး ဘုရားစုံလိုက်ဖူးကြလေ၏။ စောနန်းနွယ်သည် ကျွန်ုပ်၏ လက်အားဆွဲပြီး ဘုရားလျှောက်ဖူးရသည်ကို လွန်စွာ နှစ်သက်ပုံရ၏။ စောနန်းနွယ်သည် ကျွန်ုပ်အား

"ကိုအောင်ချစ် ... နွယ့်ကိုချစ်လားဟင်"

ဟု မေးလေရာ ကျွန်ုပ်က

"ချစ်တာပေ့ါနွယ်ရယ် ... သိပ်ပြီးချစ်လို့ လည်း အလုပ်ပျက်ခံပြီး မန္တလေးကို ခဏခဏ လာရတာပေ့ါ ..."

"နွယ်တို့ ဘယ်တော့လောက်လက်ထပ်ကြမှာ လဲ"

"ကိုအောင်ချစ် နွယ့်ကိုလက်ထပ်ဖို့ လား ... အခု လက်ထပ်မယ် ..."

"တကယ်"

"အင်း ..."

ကျွန်ုပ်နှင့် စောနန်းနွယ်တို့ သည် မန္တလေးခရိုင်တရားရုံး၌ပင် လက်ထပ်လိုက်ကြလေ၏။

လက်ထပ်စာချုပ်၌ လက်မှတ်ထိုးအပြီး ရုံးအောက်သို့ဆင်းလာခဲ့ကြ၏။ ပြီးလျှင် ကျွန်ုပ်သည် ကားလမ်းမအား ဖြတ်ပြီး တစ်ဖက်လမ်းသို့အသွားတွင်

"အစ်ကို ... နောက်မှာ "

ဟူသော စောနန်းနွယ်၏ အော်သံကြောင့် နောက်လှည့်ကြည့်လိုက်လျှင် ခရီးသည် တင်ကား ကြီးတစ်စီးသည် အရှိန်ပြင်းစွာဖြင့် ကျွန်ုပ်တို့ထံသို့ တည့်တည့်ကြီးဝင်လာနေလေ၏။

ကျွန်ုပ်သည် ရှောင်တိမ်းဖို့ ကြိုးစားသော်လည်း ဘယ်လိုမှ မမီတော့ပေ။ ထိုစဉ် ကျွန်ုပ်အား နောက်မှ တစ်စုံတစ်ယောက်က တွန်းထုတ်လိုက်ရာ ကျွန်ုပ်သည် လည်း ကားမှ လွတ်မြောက်သွားပြီး ကတ္တရာလမ်းနှင့်ဆောက်မိပြီး သတိလစ်မေ့မြောသွားလေ၏။

***

ကျွန်ုပ်၏ အာခေါင်များ သည် ခြောက်သွေ့အက်ကွဲနေပြီး ရေကို အလွန်အမင်းတောင့်တနေ မိ၏။

"ရေ ... ရေပေးပါ"

ကျွန်ုပ်၏ နှုတ်ခမ်းထဲသို့ မကြာမီပင် ရေများ သောက်သုံးခွင့်ရခဲ့၏။

ကျွန်ုပ်သတိရရခြင်း တမ်းတမိသည် မှာ စောနန်းနွယ်ဖြစ်လေ၏။

"စော ... စောနန်းနွယ် ..."

"သား ... သား ... မောင်အောင်ချစ် သတိရ လာပြီလား"

ကျွန်ုပ်၏ မိခင်ကြီးနှင့်ဖခင်ကြီးသည် ကျွန်ုပ်နံဘေး၌ စိုးရိမ်ပူပန်စွာဖြင့် ရပ်ပြီးနေကြလေ ၏။

"အမေ ... စော ... စောနန်းနွယ်ဘယ်မှာ လဲ"

ဟု ကျွန်ုပ်ကမေးလျှင် မိခင်ကြီးက စိတ်မကောင်းသောပုံသဏ္ဍာန်ဖြင့်

"ရှိပါတယ် ... သားရယ် ... ရှိပါတယ်"

ဟု ပြောလေ၏။

ကျွန်ုပ် ဆေးရုံကဆင်းပြီးသောအခါမှ ပင် မိခင်ကြီးကော ဖခင်ကြီးပါ ကျွန်ုပ်အား ဝိုင်းပြီး လိမ့်ကြသည် ကို သိရတော့၏။ စောနန်းနွယ်သည် ကျွန်ုပ်ကားတိုက်ခံရခါနီးတွင် ဝင်ပြီး တွန်းထုတ် ကာ အသက်ချင်းလဲပေးသွားသည် ဟု ကြေကွဲဖွယ် သိလိုက်ရလေတော့၏။

ကျွန်ုပ်၏ ဘဝတွင် ကျွန်ုပ်အား အသက်ပေးချစ်သူဟူ၍ သာ မိဘနှစ်ပါးမှ လွဲလျှင် စောနန်း နွယ်တစ်ယောက်သာရှိခဲ့လေ၏။

ကျွန်ုပ်သည် ထိုအကြောင်းအားသိပြီးသောနေ့မှ စ၍ အိပ်မပျော်၊ စားမဝင်ဖြစ်ပြီး စောနန်းနွယ်အား သတိရတမ်းတနေမိလေ၏။

ကျွန်ုပ်၏ မိခင်ကြီးနှင့်ဖခင်ကြီးသည် ကျွန်ုပ်၏ အဖြစ်အား စိတ်မကောင်းစွာကြည့်နေရုံမှ တစ်ပါး ဘာမှ မလုပ်ပေးနိုင်ခဲ့ချေ။

ကျွန်ုပ်၏ ဘဝတွင် ဒုတိယအကြိမ် ကြေကွဲဖွယ်အဖြစ်ဆိုးကြီးသည် စောနန်းနွယ်ဆုံးပြီး (၁) လပြည့်သောနေ့တိတိ၌ ပေါ်ပေါက်လာပြန်၏။ ကျွန်ုပ်၏ မိခင်ကြီးနှင့် ဖခင်ကြီးတို့ သည် ကားဖြင့် ပြင်ဦးလွင်သို့ အသွားတွင် ကားဘရိတ်ပေါက်ပြီး ချောက်ထဲထိုးကျကာ ပွဲချင်းပြီးသေဆုံးခဲ့ရလေ၏။

ထိုနေ့မှ စ၍ ကျွန်ုပ်သည် အရက်သမား လုံးလုံးဖြစ်သွားပြီး ကျွန်ုပ်၏ အပေါင်းအသင်းများ နှင့် ပျော်ပါးကာ စည်းစိမ်ပါပြုတ်လေတော့၏။ ကျွန်ုပ်၏ မိဘလက်ငုတ်လက်ရင်းဖြစ်သော ပွဲရုံအားလည်း ရောင်းချလိုက်ပြီး လေးကောင်ဂျင်ထိုးလေရာ လုံးလုံးရှုံးသွားလေတော့၏။

ကျွန်ုပ်သည် ဗာရာဏသီသူဌေးသားကဲ့သို့ အရှေ့အနောက်တောင်မြောက်လေးမျက်နှာ မသိလောက်အောင် အခြေ

အနေမဆိုးသော်လည်း စားဖို့ ပင်ပိုက်ဆံမရှိတော့ချေ။

ထို့ကြောင့် ယခင်က ကျွန်ုပ်ထံတွင် ကပ်ရပ်စားသောက်နေကြသော သူငယ်ချင်းများ ထံ သွားပြီး ငွေချေးငှားလေ၏။

ထိုအခါမှ ပင် ကျွန်ုပ်၏ သူငယ်ချင်းများ ၏ အကြောင်း ကောင်း ကောင်း သိရလေတော့၏။

သူငယ်ချင်းမိတ်ဆွေတစ်ဦးသည် ကျွန်ုပ်လာသည် ကိုမြင်လျှင် အိမ်တံခါးပိတ်ပြီး ပုန်းနေလေ၏။ နောက်တစ်ဦးမှာ လည်း ပိုက်ဆံရှိရှိကြီးနှင့်မရှိဟု လိမ်လည်ပြောဆိုကြ၏။ နောက်တစ်ဦးကလည်း ကျွန်ုပ်အား ထမင်းတစ်နပ်ကျွေးပြီး နှင်လွှတ် လိုက်လေ၏။

ကျွန်ုပ်သည် ခေါင်းငိုက်စိုက်ချ၊ စိတ်အပျက်ကြီးပျက်ပြီးလျှင် ကမ်းနားလမ်း၌ ခြေဦးတည့်ရာ သွားလာနေလေ၏။ ရန်ကုန်မြို့၊ ကမ်းနားလမ်း၏ ညအလှသည် ကျွန်ုပ်ဘဝနှင့် လုံးဝခြားနားနေလေ၏။

ကျွန်ုပ်သည် ကမ်းနားလမ်းရှိ ဆိပ်ခံဘောတံတားတွင် ထိုင်ပြီး ရန်ကုန်မြစ်ကြီးအား ငေးကြည့်နေလေ၏။ ကျွန်ုပ်၏ ဝမ်းမှာ လည်း ဆာလောင်သောကြောင့် တကြုတ်ကြုတ်မြည်နေ၏။

မြစ်ပေါ်သို့ ဖြာကျနေသော လရောင်သည် ကျွန်ုပ်၏ ကြေကွဲစိတ်တို့အား အားပေးသကဲ့သို့ ဖြစ်နေ၏။ ကျွန်ုပ်သည် ကျွန်ုပ်၏ ဘဝအား လုံးဝ ကျေနပ်ခြင်းမရှိတော့ချေ။ စားစရာမရှိ နေစရာမရှိ၊ အပေါင်းအသင်း မိတ်ဆွေမရှိ၊ ချစ်သူမရှိ၊ မိဘမဲ့ဘဝဆိုးမျိုးတွင် ကျွန်ုပ်လုံးဝမနေလိုတော့ချေ။

ကျွန်ုပ်သည် ဆုံးဖြတ်ချက်တစ်ခုအား ခိုင်မာစွာချလိုက်ပြီး လုံချည်အား ပြင်ဝတ်လိုက်၏။

ထို့နောက် ကျွန်ုပ်သည် အနန္တော အနန္တငါးပါးအား ဦးချရှိခိုးလိုက်ပြီး လျှင်

"ကျွန်ုပ်၏ ဘဝကဲ့သို့ အဖြစ်ဆိုးသော ဘဝမျိုး နောင်ဘဝအဆက်ဆက် မဖြစ်ပေါ်ဘဲ ချစ်သူနှင့် ကွေကွင်းရသော ဆင်းရဲမှ ကင်းလွတ်ပါစေသား"

ဟု ဆုတောင်းပြီးလျှင် မျက်စိကိုစုံမှိတ်လိုက်ပြီးနောက်

"နွယ်ရေ ... နွယ့်နောက် အစ်ကိုလိုက်ခဲ့ပြီ"

ဟု ရေရွတ်လိုက်ကာ လှိုင်းကြက်ခွပ်ကလေးများ ထနေသော ရန်ကုန်မြစ်ရေပြင်ထဲသို့ "ဝုန်း" ခနဲ ခုန်ချ လိုက်လေတော့၏။ သို့သော် ကျွန်ုပ်သည် ရေထဲသို့ ကျမသွားဘဲ ကျွန်ုပ်၏ ခန္ဓာကိုယ်သည် တစ်စုံတစ်ယောက်က ဆွဲလိုက်သဖြင့် ဆိပ်ခံဘောတံတားပေါ်သို့ ပြန်ကျ လာလေ၏။ ကျွန်ုပ်သည် မည်သည့်အတွက် ရေထဲကျမသွားသနည်းဟု စဉ်းစားမိပြီး ဘေးဘီဝဲယာသို့ လှည့်ကြည့် လိုက်လေလျှင် ကျွန်ုပ်၏ နောက်၌ ရပ်ပြီး စီးကရက်တစ်လိပ်အား ဖွာရှိုက်နေသော အနောက် တိုင်းဝတ်စုံဝတ်လူတစ်ယောက်အား တွေ့လိုက်ရလေ၏။

ထိုလူ၏ ရုပ်ရည်သည် လရောင်အောက်၌ လွန်စွာကြည့်၍ ကောင်းလောက်အောင် ယောကျ်ားပီသလှ၏။ အရုပ်အမောင်းကောင်းကောင်း၊ ကျစ်လျစ်ပြည့်ဖြိုးသော ကြေးနီရောင်အသားအရေ၊ နှုတ်ခမ်းမွေးစစနှင့် ထိုလူသည် နိုင်ငံခြားဓာတ်ရှင်ကားများ ထဲမှ မင်းသားတစ်ယောက်ကဲ့သို့ ကြည့်ကောင်းလှ၏။

ထိုသူက ကျွန်ုပ်အား စေ့စေ့ကြည့်နေလေ၏။ ထိုသူ၏ မျက်ဝန်းများသည် သိမ်းစွန်တစ်ကောင်၏ မျက်လုံးများကဲ့သို့ စူးရှပြီး အရောင်တလက်လက်တောက်နေ၏။

ထိုသူက ကျွန်ုပ်အားကြည့်ကာ ...

"ကိုယ့်လူက ငယ်ငယ်လေးနဲ့ တော်တော်သေချင်နေပြီနဲ့ တူတယ် ... လူ့အသက်ဆိုတာ အင်မတန် အဖိုးတန်တယ်ဗျ ... လူတစ်ယောက်ဖြစ်လာဖို့ ဆိုတာ အင်မတန်ခက်ခဲတယ် ... ဒီလို ခင်ဗျားက ကိုယ့်ကိုယ်ကို သေကြောင်းကြံတယ်ဆိုတော့ အဖန်ငါးရာငါးကမ္ဘာခံရလိမ့်မယ် ..."

ဟု ပြောလေရာ ကျွန်ုပ်က ...

"နေစမ်းပါဦး ... ကျုပ်ဘာသာကျုပ်သေချင်လို့ သေတာတောင် ခင်ဗျားက ပေးမသေဘူး ဆိုတော့ ခင်ဗျားဘယ်သူလဲ"

ဟု မေး လိုက်လေလျှင် ထိုသူက တဟားဟားရယ်မောလိုက်ပြီး

"ကိုယ့်လူတော်တော်ညံ့သေးတာပဲ ... မသိသေးရင် မှတ်ထားဦး ... ကျုပ်နာမည် မောင်မောင် ... ပဥ္စလက်မောင်မောင်"

ဟု ပြော လိုက်လေတော့၏။

***